ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့ (6-7-2011) (၆၀၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေးနိုင်ငံ သံအမတ်ကြီး မစ္စစ် ကတ်ဂျာ ခရစ္စတီးနား နော့ဒ်ဂါးဒ်အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ

နော်ဝေးနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေးနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စစ် ကတ်ဂျာ ခရစ္စတီးနား နော့ဒ်ဂါးဒ်သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ မိုက်ကယ် ဟမ်နီတီ ဝင်သာသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးသို့သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။(ယာပုံ)

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror

၆-၇-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

နိုင်ငံတော်၏စေတနာကို အလေးထား

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးများ အစပြုနေပြီ။ နိုင်ငံတော်သစ် ရည်မှန်းချက်များ အောင်မြင်ရေး နောက်မဆုတ်တမ်း စခန်းသွားနေကြပြီ။ နိုင်ငံပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် စတင်နေပြီ။ အခြေခံကျလှသော ခြေလှမ်းများကို ထင်ထင်ရှားရှား လှမ်းနိုင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများ တိုးမြှင့်သတ်မှတ်ကြောင်း အမိန့်ကြော်ငြာစာကို ဇွန် ၃၀ ရက်က ထုတ်ပြန်လိုက်သည်။ နိုင်ငံအတွင်းနေထိုင်ကြသော ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက် မတိုင်မီ အငြိမ်းစားလစာ ခံစားလျက်ရှိသည့် ပင်စင်စားများ၏ ပင်စင်ခံစားခွင့်ကို လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ အငြိမ်းစားယူပါက ရရှိမည့်ပင်စင်ခံစားခွင့်အတိုင်း ၂၀၁၁ ခုနှစ် ဇူလိုင်လ ပင်စင်လစာမှစ၍ တိုးမြှင့်ခံစား ရရှိကြမည်ဖြစ်သည်။

နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြသည့် နိုင်ငံ့ဝန်ထမ်းများသည် အချိန်ကာလရေစီးကြောင်းတစ်ခုတွင် အကြောင်းအမျိုးမျိုးဖြင့် ပင်စင်စားဘဝသို့ ကူးပြောင်းကြရသည်။ သက်ပြည့်ပင်စင်၊ နာမကျန်းပင်စင်စသည်တို့အပြင် နိုင်ငံရေးပင်စင်လည်းပါဝင်သည်။ ပင်စင်ခံစားကြသူများသည် ပြောင်းလဲခဲ့သော လစာနှုန်းထားများအရ ပင်စင်လစာများသည် ကာလတစ်ခုနှင့်တစ်ခု မတူညီခဲ့ပေ။

ယခုအခါ နိုင်ငံတော်အစိုးရက ခေတ်ကာလရွေ့လျားမှုကြောင့် အလိုအလျောက် နည်းပါးသည့်အခြေအနေသို့ ရောက်ခဲ့ရသော၊ မညီမျှသကဲ့သို့ ဖြစ်ခဲ့ရသော ပင်စင်လစာများကို တစ်ပြေးညီ တိုးမြှင့်ပေးရန် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ နိုင်ငံ့တာဝန်ကို အပတ်တကုတ် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်းဟောင်းများအတွက် ထမ်းရွက်ခဲ့မှုများအပေါ် တန်ဖိုးထားအသိအမှတ်ပြုခြင်းပင်ဖြစ်သည်။

ဝန်ထမ်းဟောင်းများအတွက် ပင်စင်လစာများ တိုးမြှင့်၍ ချီးမြှင့်ခြင်းသည် ဝန်ထမ်းများ အကျိုးရှိရုံသာမက နိုင်ငံအတွက်ပါ အကျိုးဖြစ်ထွန်းမည်ဖြစ်သည်။ မည်သည့်နိုင်ငံသားမဆို နိုင်ငံတော်၏ ချီးမြှင့်ထောက်ပံ့မှုကို ရယူခံစားကြရပြီ။ ရပိုင်ခွင့်နှင့်အတူ တာဝန်ပိုင်းလည်းရှိလာပြီ။ ထောင်သောင်းမကသော ဝန်ထမ်းဟောင်းများက နိုင်ငံတော်အတွက် အုတ်တစ်ချပ် သဲတစ်ပွင့်မက နိုင်ရာတာဝန်ကို ကျရာကဏ္ဍက ပါဝင်ထမ်းရွက်ကြပေဦးမည်။

ခေတ်အဆက်ဆက် ပင်စင်စားတို့ လိုချင်တောင့်တနေခဲ့သော ပင်စင်လစာတိုးမြှင့်ရေးကို ဒီမိုကရေစီနည်းကျကျ ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ပင်စင်စားဝန်ထမ်းများအနေဖြင့် ဒီမိုကရေစီစနစ်ကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံတော်၏စေတနာကို အလေးထား၍ မြန်မာ့လူ့အဖွဲ့အစည်းတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ တာဝန်သိသိ စည်းကမ်းရှိရှိ ပါဝင်နိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြော

ကော့ကရိတ် ဇူလိုင် ၅

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲကို ဇွန် ၂၄ ရက်တွင် ကော့ကရိတ်မြို့ အထက (၂) သရဖီခန်းမ၌ ကျင်းပရာ အခမ်းအနားကို ကော့ကရိတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ထွန်းအောင်၊ မြို့နယ်တရားသူကြီး ဦးစောစံလှညို၊ မြို့နယ်ပညာရေးမှူး ဦးရွှေသိန်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နှင်းမူနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၅၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ထွန်းအောင်က မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် တားဆီးကာကွယ်ရန် အကြောင်းကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးစောစံလှညိုက မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေနှင့် ပြစ်ဒဏ်ပြဌာန်းချက်များကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြသည်။ (ခရိုင်ပြန်/ဆက်)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်နေ ဒေါ်ကျင့်ရင်၏ (၇၆)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၌ အသုံးပြုရန် သံဃာသုံးပါးစာ ခုတင်၊ မွေ့ရာ၊ ဗီရိုသုံးစုံအတွက်နှင့် ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၆ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁) ဦးဝင်းလွင် လက်ခံစဉ်။
(ဇီဝိတဒါနသံဃာ့ဆေးရုံကြီး)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်လျက်ရှိကြောင်း (၃၇)ကြိမ်မြောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ညီလာခံ၌ ပြောကြား

နေပြည်တော် ဇူလိုင် ၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အီတလီနိုင်ငံ ရောမမြို့ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနချုပ်၌ ဇွန် ၂၅ ရက်မှ ဇူလိုင် ၂ ရက်အထိ ကျင်းပသည့် (၃၇)ကြိမ်မြောက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ညီလာခံ [Thirty-Seventh Session of the Food and Agriculture Organization (FAO) Conference] သို့ တက်ရောက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဇွန် ၂၇ ရက်တွင် မိန့်ခွန်းပြောကြားခဲ့ကြောင်း သိရှိရသည်။

အစည်းအဝေးသို့ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ဝင်နိုင်ငံ ၁၉၁ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာတွင် မိမိတို့ အစိုးရအဖွဲ့သစ်အနေဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို မိမိတို့၏ အဓိကအမျိုးသားရေးလုပ်ငန်းတာဝန်အဖြစ် အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် စီးပွားရေးပိတ်ဆို့ထားမှုများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာရှုထောင့်နှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အချက်အလက်များနှင့်အညီ ဆင်ခြင်ပြီး ရုပ်သိမ်းပေးရန် အချိန်ကျရောက်နေပြီဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့ကြောင်းသိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ လက်ထောက်ညွှန်ကြားရေးမှူးချုပ်နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Hiroyuki Konuma နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စပ်မျိုးစပါးစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများတွင် FAO က ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

အီတလီနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အီတလီနိုင်ငံ ဆန်စပါးကုမ္ပဏီ၏ စပါးစိုက်ခင်းများကိုလည်းကောင်း၊ အီတလီနိုင်ငံ ဆန်စပါးသုတေသနဌာနရှိ သုတေသနစိုက်ခင်းကိုလည်းကောင်း၊ အီတလီနိုင်ငံ စိုက်ပျိုးရေးတက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံပြီး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး (Research & Development) လုပ်ငန်းများ ဆောင်ရွက်မှုကိုလည်းကောင်း၊ ပြောင်းခင်း၊ နေကြာခင်း၊ ဂျုံစိုက်ခင်း၊ စပျစ်စိုက်ခင်းများနှင့် သီးနှံမျိုးစေ့များ အရောင်းဆိုင်၊ ပန်းအလှအရောင်းဆိုင်ကိုလည်းကောင်း၊ လယ်ယာလုပ်ငန်းခွင်အတွင်း လူနေမှုဘဝများကိုလည်းကောင်း ကွင်းဆင်းလေ့လာခဲ့ကြသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် (၃၇)ကြိမ်မြောက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညီလာခံတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ငါးပုစွန်သယံဇာတ ထုတ်ယူသုံးစွဲမှု စာတမ်းဖတ်

ရန်ကုန် ဇူလိုင် ၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်၏ ငါးပုစွန်သယံဇာတ အခြေအနေနှင့် ထုတ်ယူသုံးစွဲမှုစာတမ်းများ ဖတ်ပွဲအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမဆောင်၌ ကျင်းပရာ **(အောက်ပုံ)** အခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နာယက ဦးစိုးဝင်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ သုတေသနစာတမ်းရှင်ငါးဦးက ငါး၊ ပုစွန် သယံဇာတအပေါ် အကျိုးသက်ရောက်မှုစာတမ်းများကို ဖတ်ကြားတင်ပြကြရာ တင်ပြချက်များအပေါ် ရေလုပ်ငန်းပညာရှင်များ၊ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းရှင်များ၊ ကမ်းရိုးတန်းဒေသ၊ ပြည်နယ်/တိုင်းဒေသကြီး ဦးစီးဌာနမှူးများနှင့် တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးမေးမြန်းကြကာ အတည်ပြုချက်ရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (ကြေးမုံ)

ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၄)၊ အမှတ်(၇) ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီက ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၄)၊ အမှတ်(၇)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ယင်း ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ ရရှိနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ်(၄၇၄) သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈ သို့ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၅-၇-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၅၀၄၅	၀. ၀၃၂၇၈
တရုတ် (ယွမ်)	၆. ၄၆၇၅၀	၀. ၁၅၄၆၂
အိန္ဒိယ (ရူပီး)	၄၄. ၃၉၅၀	၀. ၀၂၂၅၃
မလေးရှား (ရင်းဂစ်)	၃. ၀၀၉၅၀	၀. ၃၃၂၂၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၂၇၈၀	၀. ၈၁၄၄၇
ဂျပန် (ယန်း)	၈၁. ၀၆၁၂	၀. ၀၁၂၃၄
တောင်ကိုရီးယား(ဝမ်)	၁၀၆၆. ၃၂	၀. ၀၀၀၉၄
ယူရို	၀. ၆၉၁၀၇	၁. ၄၄၇၀၃
ဗြိတိသျှ (ပေါင်)	၀. ၆၂၀၆၈	၁. ၆၁၁၁၄

အင်တာနက်။

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် မဂ္ဂဇင်းထုတ်ဝေမည်

ရန်ကုန် ဇူလိုင် ၅

ရန်ကုန် ဆရာအတတ်သင်သိပ္ပံ (ကံဘဲ့) ရန်ကင်းပညာရေးကောလိပ်၏ (၁၀)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ရာ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကာတွန်း၊ စာညွှန်းစသည့် စာမူများကို မြန်မာ၊ အင်္ဂလိပ် နှစ်သက်ရာဘာသာဖြင့် အောက်တိုဘာ ၁ ရက်နောက်ဆုံးထား၍ ရန်ကင်းပညာရေးကောလိပ် ဖုန်း-၅၆၆၆၀၄၊ ၅၆၆၆၀၅နှင့် ၅၆၂၉၇၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကရင်ပြည်နယ်ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်

နေပြည်တော် ဇူလိုင် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ်(၄၂/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်အမှတ် (၄၂/၂၀၁၁)မှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ် ၄၂/၂၀၁၁)

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်

(၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

ကရင်ပြည်နယ်ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(င)နှင့်(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)တို့အရ ကရင်ပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါ ကရင်ပြည်နယ်ဝန်ကြီးများအား ယှဉ်တွဲပါဝန်ကြီးဌာနများတွင် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်-

(က)	ဗိုလ်မှူးကြီးအောင်လွင်	လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဦးစောဝင်းထိန်	ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
(ဂ)	ဦးစောခရစ္စတိုဖာ	စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန
(ဃ)	ဦးစောဆာလောလ	သစ်တောနှင့် သတ္တုဝန်ကြီးဌာန
(င)	ဦးမင်းစိုးသိန်း(ခ) ဦးနိုင်မင်းစိုးသိန်း	စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန
(စ)	ဦးစောခင်မောင်မြင့်	လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(ဆ)	ဦးစောကြည်လင်း	လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန
(ဇ)	ဦးသံဒိုင်	စည်ပင်သာယာရေးဝန်ကြီးဌာန
(ဈ)	ဦးချစ်လှိုင်	လူမှုရေးဝန်ကြီးဌာန

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လာရောက်တွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး မစ္စတာ ရွန်ဟော့ဖ်မန်း လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ-ကနေဒါ ဆက်ဆံရေးမြှင့်တင်ရေး နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များ ရင်းနှီးစွာဆွေးနွေး

နေပြည်တော် ဇူလိုင် ၅

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး မစ္စတာ ရွန်ဟော့ဖ်မန်းသည် ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာ-ကနေဒါ နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

ဒုတိယနေ့ကျင်းပ

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁)ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) ဒုတိယနေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၅

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကရင်ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မင်း၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၂၃ ဦးရှိရာ အားလုံးတက်ရောက်သည့်အတွက် ရာနှုန်းပြည့်တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်အရ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်မည့် အမည်စာရင်း အဆိုပြုချက်ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ ဖတ်ကြားတင်ပြရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူကြသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

ပြင်ဆင်ဖွဲ့စည်းသည့် ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်ဝန်ကြီးများ၏ အမည်စာရင်းမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဗိုလ်မှူးကြီးအောင်လွင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးစောဝင်းထိန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးစောခရစ္စတိုဖာ၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးစောဆာလောလ၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးမင်းစိုးသိန်း(ခ) ဦးနိုင်မင်းစိုးသိန်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးစောခင်မောင်မြင့်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးစောကြည်လင်း၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးသံဒိုင်နှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးချစ်လှိုင်တို့ ဖြစ်ကြသည်။

ထို့နောက် ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

မြိတ်မြို့နယ်အသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၅

မြိတ်မြို့နယ်အသင်း(ရန်ကုန်)၏ အဌမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်း မြိတ်ကျားကျောင်း(အိမ်တော်ရာ စေတီတော်ဝင်း)၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြိတ်မြို့နယ်သူ၊ မြို့နယ်သားများ စုံစုံညီညီ တက်ရောက်ကြရန်နှင့် မြိတ်မြို့နယ်အသင်းရုံး အမှတ် (၆၈) လှည်းတန်းလမ်း လမ်းမတော်မြို့နယ် ဖုန်း-၂၂၄၃၄၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မစ္စတာ ဒီနိစ် တိုမတ်ဂျ်အား ဟန်ဂေရီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဇူလိုင် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဟန်ဂေရီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဒီနိစ် တိုမတ်ဂျ်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဒီနိစ် တိုမတ်ဂျ်သည် ၁၉၄၉ ခုနှစ်တွင် ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့၌ မွေးဖွားခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် ဘူဒါပက်စ်မြို့ရှိ ကာလ်မတ်စ်တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် စီးပွားရေးတက္ကသိုလ်မှ မဟာဘွဲ့ ထပ်မံရရှိခဲ့ပြီးနောက် ၁၉၉၀ ခုနှစ်တွင် နိုင်ငံရေးသိပ္ပံတက္ကသိုလ်မှ အုပ်ချုပ်ရေးဆိုင်ရာဘွဲ့ကို ထပ်မံရရှိခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၃ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ နယ်သာလန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ကနေဒါနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။ လောလောဆယ်တွင် ထိုင်းနိုင်ငံဆိုင်ရာ ဟန်ဂေရီနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ဒီနိစ် တိုမတ်ဂျ်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်လျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဟန်ဂေရီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်

နေပြည်တော် ဇူလိုင် ၅

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန်အတွက် မိမိတို့ စာမေးပွဲဖြေဆိုခဲ့ကြသော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ) ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရမည့်ပုံစံများကို ဇူလိုင် ၂၀ ရက်(ဗုဒ္ဓဟူးနေ့) မှစ၍ ကိုယ်တိုင်ထုတ်ယူနိုင်ကြကြောင်း သိရသည်။

အဆိုပါ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၁၃ ရက် အထိ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ အပါအဝင်(ပိတ်ရက်မရှိ) အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၌ လျှောက်ထားနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၇၆၇၇ နှင့် ၅၂၅၆၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

ဓာတ်အားပြတ်တောက်မှု မရှိစေရန် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရေး ထိန်းသိမ်းပြုပြင်မှုများကို အစဉ်တစိုက် ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇူလိုင် ၃ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့ရှိ မန်စံပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ခွဲရုံအစည်းအဝေးခန်းမ၌ ဓာတ်အားခွဲရုံမှူးက ဓာတ်အားခွဲရုံဆိုင်ရာများကို လည်းကောင်း၊ မဟာဓာတ်အားလိုင်းမှူး (မန်စံ)က မဟာဓာတ်အားလိုင်းမှူးရုံး(မန်စံ)မှ အပိုင်းအလိုက် တာဝန်ယူထားရှိသည့် ဓာတ်အားလိုင်းများအလိုက် ဝန်ထမ်းများအား ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုဆောင်ရွက်ရန် တာဝန်ခွဲဝေပေးထားမှု၊ ဓာတ်အားလိုင်းများတစ်လျှောက် လျှပ်စစ်အန္တရာယ်နှင့် မိုးကြိုးလျှပ်စီး ဝင်ရောက်မှုကင်းရှင်းရေး ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း မန်နေဂျာရုံးမှ အင်ဂျင်နီယာမှူး (မြို့ပြ) က သိန္နီ-ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-လောက်ကိုင် ဓာတ်အားလိုင်း လိုင်းအူကြောင်း ရှာဖွေထားရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်များ၌ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားမှု၊ တိုးချဲ့ဖြန့်ဖြူးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ထပ်ဆင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ခွဲရုံနှင့် လိုင်းရုံးများ၏ အားနည်းချက်ကြောင့် ဓာတ်အားပြတ်တောက်မှု မရှိစေရန် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရေး၊ ထိန်းသိမ်းပြုပြင်မှုများကို သာမန်အချိန်၊ အရေးပေါ်အချိန် ခွဲခြား၍ အစဉ်တစိုက် ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်သွားရေးနှင့် ခွဲရုံလိုင်းရုံးတာဝါတိုင်များ၏ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ပင်မဓာတ်အားခွဲရုံအတွင်းရှိ Control Room နှင့် Switch Yard တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပန်လုံကျေးရွာ၌ မဟာဓာတ်အားလိုင်းမှူးရုံး (မန်စံ)မှ ဆောင်ရွက်လျက်ရှိသည့် ၂၃၀ ကေဗွီ (ရွှေလီ-မန်စံ-ရွှေစာရံ) ဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီ (မန်စံ-နမ့်ဆန်) ဓာတ်အားလိုင်း ကြံ့ခိုင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းနှင့် ပြည်တွင်းပြောင်းရွှေ့သွားလာမှုစစ်တမ်း ကောက်ယူခြင်းဆိုင်ရာလုပ်ငန်းများ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) မှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Nobuko Horibe သည် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံ၍**(အပေါ်ပုံ)** လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းနှင့်ပြည်တွင်းပြောင်းရွှေ့သွားလာမှုစစ်တမ်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းများ၊ ဝန်ကြီးဌာနနှင့် UNFPA တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော နယ်ပယ်များ၏ တိုးတက်မှုအခြေအနေများ စသည်တို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ ပြည်သူ့အင်အားဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်ချစ်၊ ရုံးအဖွဲ့မှူး ဦးသန်းနိုင်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)



ကြည့်ရှုစစ်ဆေး

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး နမ္မတူမြို့ရှိ မန်စံ ပင်မဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ-ဂျာမနီ နှစ်နိုင်ငံပညာရေး ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးညှိနှိုင်း

နေပြည်တော် ဇူလိုင် ၅

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြအေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mr. Julius Georg Luy နှင့် အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံပညာရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Mr. Julius Georg Luy နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
- ၈း၀၅ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၁၅ ၈။ အဖိုးတန်အသုံးဝင် မြန်မာ့ဆင်
- ၈း၂၅ ၉။ အတီးပြိုင်ပွဲ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄း၃၀ ၄။ သီချင်းကြီးပဒေသာ
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ တေးဂီတအစီအစဉ်
- ၅း၁၀ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅း၂၀ ၉။ International Science News
- ၅း၃၀ ၁၀။ သက်တံရောင် ကောင်းကင်သစ် (အကယ်ဒမီရဲအောင်၊ အကယ်ဒမီမို့မို့မြင့်အောင်၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-အကယ်ဒမီမီးပွား)
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆း၃၅ ၁၄။ "သန့်စွာကိုင်လေ စက္ကူငွေ"
- ၆း၄၅ ၁၅။ ရွှေရင်ခုန်သံ
- ၇း၁၀ ၁၆။ "(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုတင်းနစ်နှင့် စစ်တုရင်"
- ၇း၃၅ ၁၇။ အလက်ဇန်းဒြားမြို့မငြိမ်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုတေးအစီအစဉ်
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ "ပျော်ရွှင်ရင်ခုန်ပြကွက်စုံ"
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၇၃)**
- ၂၃။ **မြန်မာဗီဒီယိုဇာတ်လမ်း "သူဖန်ဆင်းသော ကိုယ့်ကောင်းကင်"** (ဒွေး၊ ထက်ထက်မိုးဦး) [ဒါရိုက်တာ-ကိုဇော် (အရုဏ်ဦး)]
- ၂၄။ အစီအစဉ်ပြီး၏။

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၅

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် (တနင်္ဂနွေနေ့)တွင် ကွမ်းခြံကုန်းမြို့ မဟာတိလောကမှန်ကူသွန်းဘုရားကြီး တန်ဆောင်း၌ စုပေါင်းလှူဒါန်းမည်ဖြစ်ရာ လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဦးစိုးညွန့်(နာယက) ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင်(ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၂၊ ဦးစန်းအောင် (အတွင်းရေးမှူး-၁) ဖုန်း-၀၉-၇၃၀၃၂၆၀၈ နှင့် ဦးမောင်မောင်မြင့် (ဘဏ္ဍာရေးမှူး) ဖုန်း-၅၄၇၄၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ စုပေါင်းလှူဒါန်းပွဲသို့ လိုက်ပါလိုသူများသည် ကားဖြင့် ကြို/ပို့ရန် အစီအစဉ်များပြုလုပ်ထားပါ၍ ဇွန် ၁၇ ရက် နံနက် ၆ နာရီခွဲတွင် မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံမှ ကားများ ထွက်မည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ပညာပေးဟောပြော

မြင်းမူ ဇူလိုင် ၅

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးပညာပေးဟောပြောပွဲကို ဇွန် ၂၁ ရက် နံနက်ပိုင်းက မြင်းမူမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပရာ စစ်ကိုင်းခရိုင် ကုန်းလမ်းပို့ဆောင် ညွှန်ကြားရေးမှူးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလေးနိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာရမည့် အချက်များ၊ စစ်ကိုင်းခရိုင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက ပို့ဆောင်ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်အကြောင်း သိကောင်းစရာများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ကျော်က ယာဉ်မတော်တဆဖြစ်ပွားမှုအခြေအနေနှင့် ယာဉ်မတော်တဆဖြစ်ပွားမှု အခင်းဖြစ်မှတ်တမ်းဓာတ်ပုံများ၊ မြို့နယ် ဥပဒေအရာရှိ ဦးကြည်ဟန်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အရေးယူသည့်ဥပဒေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြပြီး မြင်းမူမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ကြပ်ကြီး မြင့်စိုးနှင့် တပ်ကြပ်ကြီးကုလားတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လက်အချက်ပြမှု သရုပ်ပြရှင်းလင်းကြကြောင်း သိရသည်။

(၆၂၄)

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး မစ္စတာ ရွန်ဟော့ဖ်မန်း လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ကနေဒါနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၅

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး မစ္စတာ ရွန်ဟော့ဖ်မန်းသည် ယနေ့ညနေ ၄ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ယင်းတွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဆက်သွယ်ရေးဝန်ဆောင်မှုများ ဆောင်ရွက်ရာတွင် ပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်နှင့် အရည်အသွေးကောင်းမွန်သည့် ဆက်သွယ်မှုရရှိအောင် ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၅

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းသည် ဇူလိုင် ၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အနီး ရတနာပုံတယ်လီပို့ မြို့သစ်စီမံကိန်းရှိ ရတနာပုံတယ်လီပို့၌ ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများအဆင့်ဆင့် ဆောင်ရွက်နေမှုကို သတင်းအချက်အလက်နည်းပညာဖြင့် လျှော့ချနိုင်သဖြင့် တယ်လီပို့ဝန်ထမ်းများ အနေဖြင့် ယင်းလုပ်ငန်းကို လုံခြုံစိတ်ချရသည့် လုပ်ငန်းတစ်ရပ်အဖြစ် အလေးထား ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် မိုဘိုင်းတယ်လီဖုန်းတိုးချဲ့ရေးစီမံကိန်းအတွက် ပြည်တွင်း၊ ပြည်ပ ပေါင်းစပ်ထုတ်လုပ်နေသည့် ဆက်သွယ်ရေး စက်ပစ္စည်းစက်ရုံများနှင့် ယင်းပစ္စည်းများကို စွမ်းအင်ဖြည့်တင်းပေးမည့် နေရောင်ခြည်စွမ်းအင်သုံး Solar စက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)** ယင်းနောက် တယ်လီပို့ ပင်မ အဆောက်အအုံ၌ တယ်လီပို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ သတင်းဆက်သွယ်မှု နည်းပညာကို တွင်ကျယ်စွာ အသုံးပြုနိုင်ပါက ကျေးလက်ဒေသများအထိ လိုအပ်သည့် သတင်းအချက်အလက်များ လွယ်ကူစွာရရှိနိုင်ပြီး ပြည်သူတို့၏လုပ်ငန်းဆောင်တာများ လျင်မြန်စွာ တိုးတက်ဖွံ့ဖြိုးလာမည် ဖြစ်သဖြင့် စေတနာထား၍လုပ်ကိုင်ဆောင်ရွက်ရေး၊ တပ်ဆင်ထားသည့် စက်ပစ္စည်းများ၏ တန်ဖိုးကြီးမားသဖြင့် ရေရှည်အသုံးပြုနိုင်ရန်အတွက် စနစ်တကျ ကိုင်တွယ်ရေး တို့ကိုမှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၄ ရက်တွင် မန္တလေးမြို့၌ တပ်ဆင်ထားရှိသည့် အိတ်ချိန်းစက်ခန်းများရှိ စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကာ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရန်၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်အတွက် အဆင့်ဆင့် ဆောင်ရွက်နေရခြင်းကို အမြန်ဆုံးလျှော့ချသွားကြရန်နှင့် အရည်အသွေးကောင်းမွန်သည့် ဆက်သွယ်မှုရရှိအောင် ဆောင်ရွက်ပေးကြရန် တို့ကိုမှာကြားခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၅

ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ရုံးအဖွဲ့မှူးတို့က ၂၀၁၀ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးခင်မောင်အေး၊ ဒေါက်တာ ဝင်းမြင့်၊ ဒေါက်တာကျော်ကျော်ဌေး၊ ဦးစိုးဦးနှင့်အဖွဲ့အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ မိုးလျော့နည်းနိုင်

နေပြည်တော် ဇူလိုင် ၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကျောက်တော်မြို့၊ ကိုကိုးကျွန်းမြို့နှင့် မြောင်းမြမြို့တို့တွင် ၁ ဒသမ ၆၅ လက်မစီ၊ ပလက်ဝမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ စစ်တွေမြို့နှင့် မြောက်ဦးမြို့တို့တွင် ၁ ဒသမ ၁၈ လက်မစီ၊ ဟားခါးမြို့တွင် သုည ဒသမ ၇၈ လက်မနှင့်အောင်လံမြို့တွင် သုည ဒသမ ၇၄ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက် ။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဒသမအကြိမ်မြောက် ဝါတွင်းစုပေါင်း သွေးလှူဒါန်းပွဲကို ဇူလိုင် ၁၆ ရက် (စနေနေ့) နံနက် ၈ နာရီတွင် အဆိုပါဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများသည် အဆိုပါဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန ဖုန်း-၇၃၀၀၆၄၄၆၊ သီလရှင်များ ပြင်ပလူနာဌာန ဖုန်း-၅၄၂၇၀၆၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၅၄၂၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း-၅၅၈၄၃၄ နှင့် အုပ်ချုပ်ရေးမှူးရုံး ဖုန်း-၅၄၅၇၈၂တို့သို့ ဇူလိုင် ၁၄ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည် မည်သူမဆိုတက်ရောက်နိုင်

ရန်ကုန် ဇူလိုင် ၅

ဝါဏိဇ္ဇတွဲ့ရများအသင်း (မြန်မာနိုင်ငံ)က ကြီးမှူး၍အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးမော်သန်းမှ Basic Financial Instruments ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီ မှ မွန်းတည့် ၁၂ နာရီ အထိ အလုပ်ရုံဆွေးနွေးပွဲကို အသင်းတိုက်တည်ရှိရာ အမှတ်(၃၇/၄၁) လမ်း ၅၀ (အောက်) ဗိုလ်တထောင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပြီး ကြိုတင်စာရင်း ပေးသွင်းကြရန်နှင့် အသေးစိတ် သိရှိလိုပါက ရုံးဖုန်း-၂၉၁၆၆၇ နှင့် ၀၉-၇၃၀၈၀၂၆၉၊ ၀၉-၅၄၀၇၅၅၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

၂၀၁၁ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြဝတီခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသည့် ကာယအလှမယ်ပြိုင်ပွဲ၊ မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုနှင့် ဆံကေသာ အလှပြသပွဲကို ဇွန် ၂၅ ရက်က မြဝတီမြို့နယ် သောင်ရင်းခန်းမ၌ ကျင်းပရာ မဲ့ပလဲ့ကျေးရွာမှ နန်းစန်းစန်းနု ဆံကေသာအလှပြသစဉ်။ (၅၇၀)

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် (၁၂)ကြိမ်မြောက် ရေကြောင်းပညာရပ်ဆိုင်ရာ သင်တန်းဆင်းပွဲကို ဇွန် ၁၇ ရက်က အမှတ်(၇) လေးထောင့်ကန်လမ်း သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့ရှိ သင်တန်းခန်းမ၌ ကျင်းပရာ သဘော်သားဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးကျော်မြင့်ဦး သင်တန်းသားများအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်စဉ်။

(ကြေးမုံ)

နိုင်ငံတော်၏ မေတ္တာ စေတနာ ပင်စင်စားတို့ သက်သာချောင်ချိ ဘဝသာယာလာပေပြီ

ဘိုးသက်ရှည် (ပင်စင်စား)

ပင်စင်စား(အငြိမ်းစား)ဟူသည် နိုင်ငံ့ဝန်ကို နှစ်ပေါင်းအစိတ်၊ သုံးဆယ်ခန့် ထမ်းဆောင်ခဲ့ပြီး အသက်အရွယ်အရ အငြိမ်းစားယူသွားကြသူများဖြစ်သည်။ ၎င်းတို့၏နောက်နောက်က နိုင်ငံ့တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်ကို အကြောင်းပြု၍ အငြိမ်းစားဘဝ၌ စားဝတ်နေရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ပင်စင်လစာပေးခြင်းဖြစ်သည်။ နိုင်ငံတော်က ဝန်ထမ်းဟောင်းများအား ၎င်းတို့တာဝန်ထမ်းစဉ်ကရရှိခဲ့သည့် လစာနှုန်းထားကို အခြေခံကာ ပင်စင်ဥပဒေနှင့်အညီ တွက်ချက်ပေးထားခြင်းဖြစ်သည်။

ပင်စင်လစာသည် သက်ပြည့်၊ လုပ်သက်ပြည့်အနားယူချိန်၌ မိမိနေအိမ်၌ပင် ထိုင်နေရင်းရရှိသော နိုင်ငံတော်၏ ထောက်ပံ့ငွေဖြစ်သည်။ ဤစာရေးသူသည်လည်း ပင်စင်စားတစ်ဦးပင်ဖြစ်သည်။ စာရေးသူတို့ခေတ်က မည်သည့်ပင်စင်စား၊ မည်သည့်ရာထူးအဆင့်မဆို ပင်စင်ယူချိန်၌ တစ်လလျှင် ပင်စင်လစာငွေ ၆၀၀ ကျပ်ထက်မကျော်ရဟူသော သတ်မှတ်ချက်ရှိခဲ့သည်။ ထို့ကြောင့် ရာထူးအဆင့်အလိုက် ပင်စင်လစာငွေ တစ်လလျှင် ၆၀ ကျပ်၊ ၇၀ ကျပ်ရသူများ၊ ကျပ်ငွေတစ်ရာကျော်၊ နှစ်ရာကျော်ရသူများရှိခဲ့သည်။ အဆင့်မြင့်အရာရှိကြီးများ၏ လစာငွေမှာမူ လေးရာကျပ်၊ ငါးရာကျပ်အထိရကြသည်။

ကုန်ဈေးနှုန်းမြင့်တက်ပြီး ငွေကြေးဖောင်းပွမှုများ မြင့်တက်လာသောအခါ ပင်စင်စားများမှာ အားကိုးလောက်သည့် သားထောက်သမီးခံမရှိလျှင်၊ ဝင်ငွေရနိုင်သည့်လုပ်ငန်းတစ်ခု (ဈေးဆိုင်၊ စတိုးဆိုင်၊ ဝန်ဆောင်မှုတစ်ခုခု) မရှိလျှင် စားဝတ်နေရေး အထူးပင်ကျပ်တည်းတော့သည်။ ထိုအခါ မြန်မာလို အငြိမ်းစား၊ အင်္ဂလိပ်လို Pensioner(ပင်ရှင်နာ)ဟူသည့်စကားကို ပြက်ရယ်ပြု၍ ပင်စင်လစာဖြင့် မလုံလောက်ဘဲ အကျပ်တွေ့နေသော အငြိမ်းစားများအား ပင်ရှင်နာကို အသံဖလှယ်ကာ ပင်စင်နာဟု ငေါ့တော့တော့၊ ထေ့တေ့တေ့ သုံးလာကြသည်။ ပင်စင်လစာနှင့် မလုံလောက်၍ ဘဝနာနေသူများဟုငေါ့ပြီး ပင်စင်နာဟူ၍ သုံးကြခြင်းဖြစ်သည်။

ကုန်ဈေးနှုန်းကို အကြောင်းမဲ့လည်းတက်၊ အကြောင်းရှိလည်းတက်ကြသည့် စီးပွားရေးသောင်းကျန်းသူများ၏ဒဏ်ကို ပင်စင်နာတို့တော်တော်ကြီး အထိနာအောင်ခံခဲ့ကြရသည်။ အစိုးရကလည်း ဝန်ထမ်းများအား မူလ လစာတွင် ရှားပါးစရိတ်(Cost of Living allowance-CLA) ဖြည့်စွက်ထောက်ပံ့သည်မှာ ဒုတိယကမ္ဘာစစ်ပြီးစ (အင်္ဂလိပ်နယ်ချဲ့အစိုးရ ပြန်ဝင်လာစကတည်းက) ဖြစ်သည်။ ကမ္ဘာစစ်ကြောင့် အိုးအိမ်စည်းစိမ်၊ စီးပွားပျက်၊ ပြာပုံဘဝမှ ပြန်လည်ထူထောင်ရသည့်ကာလ၊ ကုန်ပစ္စည်းကရှား၊ ဈေးနှုန်းကတတ်၊ မြန်မာတို့လက်ထဲတွင် သုံးမရတော့သည့် ဂျပန်ငွေစက္ကူများက အမှိုက်ဖြစ်သွားချိန် သည်အတိုင်းဆက်ထားလျှင် ငတ်ကြဖို့သာရှိတော့သည့်အတွက် CLA (ခ) ရှားပါးစရိတ်ကို အစိုးရက ဖြည့်စွက်ထောက်ပံ့ပေးခြင်းဖြစ်သည်။

လွတ်လပ်ရေးရပြီးသည့်နောက် ရှားပါးစရိတ်(ထောက်ပံ့ငွေများ)ကို ကာလ၊ ပယောဂအလိုက် တိုးပေးခဲ့ရသည်မှာ မကြာမီကအထိ ရှိခဲ့သည်။ ပင်စင်မှာပင် စနစ်ဟောင်းပင်စင်က အရနည်းသည်။ စနစ်သစ်ပင်စင်မှာ နောက်ဆုံးတိုးပေးသည့် ဝန်ထမ်းများ၏လစာငွေ (ရာခေတ်မှ ထောင်ခေတ်၊ ထောင်ခေတ်မှ သောင်းခေတ်၊ သိန်းခေတ်အထိ)တိုးလာသည်နှင့်အမျှ ယင်းတို့ ပင်စင်ယူသောအခါ ပင်စင်လစာလည်း(ရှေးခေတ်ဆယ်ဂဏန်း၊ ရာဂဏန်းမှ ယခုခေတ်သောင်းဂဏန်း၊ သိန်းဂဏန်းအထိ)တိုး၍ ရကြသည်။ ယနေ့အချိန်ဝယ် ရာဂဏန်းခေတ်က ပင်စင်နာအိုကြီးများလည်း ကျန်နေသေးသည်။ ပင်စင်လစာ ထောင်ဂဏန်းသမားများစွာရှိနေသေးသည်။

ဤစာရေးသူရရှိသော ပင်စင်လစာကား (၁၉၇၈ ခုနှစ်ကနှုန်း)လေးရာကျော်သာရသည်။ အစိုးရ(တပ်မတော်အစိုးရ)က ဝန်ထမ်းများအား ရှားပါးစရိတ်သဘောဖြည့်စွက်(ထောက်ပံ့)ခြင်း၊ လစာတိုးပေးခြင်းများလုပ်ပေးခဲ့ရာ ပင်စင်သမားများလည်း ရှားပါးစရိတ်ထောက်ပံ့ငွေရရှိခဲ့သည်။ ဝန်ထမ်းများ လစာတိုးပေးပြန်သောအခါ ပင်စင်လစာများကို မူလပင်စင်လစာ+ရှားပါးစရိတ်(နှစ်ရပ်ပေါင်း၏ပမာဏ)အတိုင်း ထုတ်ယူခွင့်ပြုခဲ့သည်။ ဤသို့ဖြင့် ဤစာရေးသူ၏ ပင်စင်လစာငွေမှာ ကျပ်ကိုးရာခန့် ဖြစ်လာခဲ့သည်။ သို့သော် တစ်လတစ်ကြိမ်ပင် ပင်စင်လစာသွားမထုတ်ဖြစ်၊ လေးငါးခြောက်လတွင်မှ တစ်ကြိမ်သွားထုတ်ဖြစ်တော့သည်။ ထို့ထက်ပိုကြာမှ သွားထုတ်လျှင် မိမိ သက်ရှိထင်ရှားရှိနေသေးကြောင်း ရပ်ကွက်လူကြီးထောက်ခံစာယူပြီး တင်ပြရသည်။

စာရေးသူနှင့်ရွယ်တူ(အသက်အားဖြင့် ၈၀)ပင်စင်စားများမှာ အတော်ပင် နည်းလွန်းသွားခဲ့ပြီ။ စာရေးသူထက်အသက်ငယ် ၇၀ ကျော်၊ ၆၀ ကျော် ပင်စင်စားကများလှသည်။ သူတို့တစ်တွေနှင့်ကြုံရတိုင်း ပင်စင်လစာနှင့်မစားလောက်၊ အခြားလုပ်ငန်းကိုင်ငန်းလည်းအဆင်မပြေ၊ လုပ်လည်းမလုပ်နိုင်၊ အိုပြီ၊ နာပြီ၊ သားထောက်သမီးခံကလည်းမရှိဟု ညည်းကြသည်။ ညည်းကြသည် ဆိုရာ၌ သာမန်မဟုတ်၊ ခိုညည်း ညည်းကြခြင်းဖြစ်သည်။ နိုင်ငံရေးသမားဆိုသူများကလည်း ပင်စင်စားတို့၏ထောက်ခံမှုရအောင် “ပင်စင်စားတွေ လစာခံစားခွင့်တိုးတက်အောင်လုပ်ပေးမည်၊ လုပ်ပေးခွင့်ရဖို့သာလိုသည်၊ ထို့ကြောင့် မိမိတို့အားထောက်ခံကြပါ”ဟု (Lip Service)နှုတ်ကတိတွေ တွင်တွင်ပေးကြသည်။ အချို့ကလည်း ယုံကြည်သည်။ မျှော်လင့်ကြသည်။ နိုင်ငံရေးလုပ်သူအချို့ကမူ ဒီမိုကရေစီရရှိရေး၊ လူ့အခွင့်အရေးဆိုသည်ကို နှုတ်ကကြွေးကြော်၊ တစ်ဖက်က ဒီမိုကရေစီမရသေးမီ(၎င်းတို့အာဏာမရသေးမီ) မြန်မာအစိုးရကို စီးပွားရေးပိတ်ဆို့အရေးယူရန် တောင်းဆိုကြသည်။ စီးပွားရေးပိတ်ဆို့ခံရလျှင် စီးပွားရေးတိုးတက်မှု၌ အဟန့်အတားဖြစ်မည်၊ ပြည်တွင်းစီးပွားရေးကို ထိခိုက်စေမည်၊ ထိုအခါပြည်သူတစ်ရပ်လုံး(ဝန်ထမ်းများ၊ အထူးသဖြင့် ပင်စင်စားများ) နာကြမည်ကိုသိလျက်နှင့် စီးပွားရေးပိတ်ဆို့မှုများကို ဖိတ်ခေါ်ခဲ့ကြသည်။

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့ မြန်မာနိုင်ငံ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်သူက လေးလေးနက်နက်စဉ်းစားပြီး ပြည်သူတို့ကိုယ်စား နိုင်ငံတော်နှင့် ပြည်သူတို့အကျိုးရှိအောင်၊ နိုင်ငံအေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်အောင် လက်တွေ့လုပ်ပေးနိုင်မည့်သူများကို ဆန္ဒမဲပေးရွေးကောက်တင်မြှောက်ခဲ့ကြသည်။ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် တပ်မတော်အစိုးရ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)က ပြည်ထောင်စုလွှတ်တော်မှ ရွေးချယ်တင်မြှောက်လိုက်သော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ခေါင်းဆောင်သော အုပ်ချုပ်ရေးအာဏာကျင့်သုံးမည့် အစိုးရအဖွဲ့သစ်လက်ဝယ်သို့ နိုင်ငံတော်၏အုပ်ချုပ်ရေးတာဝန်ကို ပြန်လည်လွှဲအပ်ပေးခဲ့သည်။

အရပ်ထဲတွင် ပြောကြသည့်အတိုင်း အရပ်သား(ဒီမိုကရေစီ) အစိုးရပေါ်ထွန်းလာခဲ့ပြီ။ နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲ၊ လွတ်လပ်၊ ဖွံ့ဖြိုးတိုးတက်ပြီးစည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရမည့် ညွှန်ပြ ချက်များ၊ မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများ ပါဝင်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) လည်းရှိနေပြီ။ တိုင်းရင်းသားပြည်သူတို့၏ ကောင်းကျိုးချမ်းသာမှန်သမျှကို ဆောင်ကြဉ်းနိုင်မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြည်သူတို့ စိတ်ကြိုက်၊ စိတ်တိုင်းကျရွေးကောက်တင်မြှောက်လိုက်သည့် ဒီမိုကရေစီ(အရပ်သား)အစိုးရလည်း ပေါ်လာခဲ့ပြီ။ ဤမြေ၊ ဤနိုင်ငံ၌ ရေကောင်း၊ မြေကောင်းဖူလုံသည်။ သဘာဝသယံဇာတ အရင်းအမြစ်ကောင်းများ ပြည့်စုံပြီးဖြစ်ရာ အားလုံးလက်တွဲညီညီ တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို အမျိုးသားနိုင်ငံရေးလမ်းကြောင်းမှန်အတိုင်း ဆက်လက်လျှောက်လှမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရုံသာ ရှိတော့သည်။

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က ပထမဆုံးပြောကြားသည့် မိန့်ခွန်းမှာပင် နိုင်ငံတော်ကို ပြုပြင်ပြောင်းလဲ၊ တိုးတက်အောင်လုပ်မည့်လုပ်ငန်းစဉ်၊ မူဝါဒများချပြခဲ့သည်။ လက်တွေ့လည်း စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ကြီး စတင်ဆောင်ရွက်နေပြီဖြစ်သည်။ နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းတွင် ပင်စင်စားများ ခေတ်ကာလကုန်ဈေးနှုန်းနှင့် လိုက်လျောညီထွေရှိစွာ နေထိုင်စားသောက်နိုင်ရန် ပင်စင်ခံစားခွင့်ကိစ္စ ဆောင်ရွက်ပေးမည်ဟု အတိအလင်း ပါရှိခဲ့သည်။

ဝန်ထမ်းအိုကြီးများ ပင်စင်ခံစားနိုင်သကဲ့သို့ နိုင်ငံတော်၏ အရေးအရာ၊ နိုင်ငံသားများ၏ အရေးအရာများကို ကိုယ်ကျိုးမဖက် ကြိုးပမ်းဆောင်ရွက်သူများ၏ နိုင်ငံရေးဆောင်ရွက်ခဲ့မှုအပေါ် အနားယူထောက်ပံ့ကြေး (နိုင်ငံရေးပင်စင်)လည်း ပေးထားသဖြင့် ပင်စင်လစာ (ပင်စင်ခံစားခွင့်)ကို နိုင်ငံတော်က တိုးမြှင့်သတ်မှတ်ပေးရာတွင် နိုင်ငံရေးပင်စင်စားများကိုပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်ပေးခဲ့သည်။

တစ်နိုင်ငံလုံး၊ ပြည်သူအားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ကြရပြီး ပင်စင်စားများနှင့် ယင်းတို့၏ မိသားစုဝင်များက ၁-၇-၂၀၁၁ ရက်နေ့ထုတ် သတင်းစာများကို အလုအယက်ဝယ်ယူကြရာ သတင်းစာအရောင်းဆိုင်များ၌ နံနက်စောစောပင် သတင်းစာများ ရောင်းမလောက်အောင် ဖြစ်သွားခဲ့ရသည်။

နိုင်ငံ့ဝန်ထမ်းပင်စင်စားများသည် တိုးမြှင့်လစာထုတ်ယူရေးအတွက် တိုးမြှင့်ပင်စင်လစာတောင်းခံလွှာများအား သက်ဆိုင်ရာမိခင်ဌာနများနှင့် နီးစပ်ရာပင်စင်ဦးစီးဌာနရုံးချုပ်၊ ရုံးခွဲများတွင် ရယူဖြည့်စွက်ပြီး ပင်စင်လစာစာအုပ်နှင့် ယခင်ပင်စင်လစာခွင့်ပြုခဲ့သည့် အမိန့်စာများယူဆောင်၍ မိမိတို့၏ မိခင်ဌာန ရုံးချုပ်၊ ရုံးခွဲများသို့ ကိုယ်တိုင်အမြန်ဆုံး သွားရောက်သတင်းပို့ကြရမည်ဖြစ်သည်။

နိုင်ငံရေးပင်စင်စားများမှာမူ တိုးမြှင့်ပင်စင်လစာ ထုတ်ယူရရှိရေးအတွက် တိုးမြှင့်လစာ တောင်းခံလွှာပုံစံများအား သက်ဆိုင်ရာမိခင်ဌာနများနှင့် နီးစပ်ရာပင်စင်ဦးစီးဌာန ရုံးချုပ်၊ ရုံးခွဲများတွင် ရယူဖြည့်စွက်ပြီး ပင်စင်လစာစာအုပ်နှင့် ယခင်ပင်စင်လစာခွင့်ပြုခဲ့သည့် အမိန့်စာများယူဆောင်ပြီး မိမိတို့နှင့်သက်ဆိုင်သော ရုံးများသို့ သွားရောက်သတင်းပို့ကြရမည်ဟုသိရသည်။ ယင်းသို့သတင်းပို့ရမည့်သက်ဆိုင်ရာ ရုံးဌာနဆိုသည်မှာ-

(က) ရပ်ကွက် ကျေးရွာ/မြို့နယ်အဆင့်ဆိုလျှင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊

(ခ) ပြည်နယ်/တိုင်းဒေသကြီးအဆင့်ဆိုလျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဆိုလျှင် လွှတ်တော်ရုံးသို့လည်းကောင်း၊

(ဃ) ဗဟိုအာဏာပိုင်အဆင့် နိုင်ငံရေးပင်စင်စားဆိုလျှင် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့ရုံးများဖြစ်သည့် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ဗဟိုအာဏာပိုင်အဖွဲ့အစည်းရုံးများသို့လည်းကောင်း သွားရောက်သတင်းပို့ကြရမည် ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက နှိုးဆော်ထားသည်။

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က ပင်စင်စားများ၏လစာ (ခံစားခွင့်)များ တိုးမြှင့်ပေးနိုင်ရန် ဆောင်ရွက်ပေးသွားမည်ဟု ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ပြည်သူသို့ ပြောကြားကတိပြုခဲ့ပြီး သုံးလအကြာ၌ လက်တွေ့အကောင်အထည်ဖော်ပေးလိုက်ခြင်း ဖြစ်ပေသည်။ ယခုအခါ ဤစာရေးသူအပါအဝင် ဝန်ထမ်းအငြိမ်းစား(ပင်စင်စား)များ၊ နိုင်ငံရေးပင်စင်စားများ တိုးမြှင့်ပင်စင်လစာ စတင်ခံစားနိုင်ရေးအတွက် ပုံစံဖြည့်၊ ပုံစံတင် အလုပ်ရှုပ်နေကြပေပြီ။ ထိုသို့ အလုပ်ရှုပ်ရခြင်းအပေါ် မျက်နှာပြင်များ၌ ပင်ပန်းသည်ဟုမထင်၊ ဝမ်းသာပီတိအပြုံးများဖြင့် ဆောင်ရွက်နေကြခြင်းသာဖြစ်သည်။ တစ်ချိန်က ပင်စင်စားကို အင်္ဂလိပ်ဘာသာဖြင့် Pensioner ပင်စင်နာဟု သုံးခဲ့ကြ၊ ထေ့ခဲ့ကြ၊ ငေါ့ခဲ့ကြသော်လည်း ယနေ့ပင်စင်စားများကမူ မိမိတို့ကိုယ်မိမိတို့ “ပင်စင်သာ” များဟုသာထင်မှတ်ကြပေရော့မည်။ မိမိတို့ အိုကံကောင်း၍ ဘဝသက်သာချောင်ချိကာ သာသာယာယာ ရှိလာပြီဖြစ်သောကြောင့် “ပင်စင်သည်သာ”၍ လာရလေပြီတကား။ ။

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်) မှော်ရုံဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော် ပရိဝုဏ်အတွင်း တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)က တည်ဆောက်လှူဒါန်းသည့် ဝိဇ္ဇာစရဏသမ္ပန္နောမှော်ရုံ ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် အဆိုပါမှော်ရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း) နှင့် စွယ်တော်မြတ်စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဝေတို့က မှော်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။**(ဝဲပုံ)**

(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၍

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် (၂/က) စံပြရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဖိုးဆယ်နှင့် အဝိုင်းအနောက် စံပြကျေးရွာအုပ်ချုပ်ရေးမှူး ဦးညွန့်ရွှေတို့က အမက အဝိုင်းအနောက်စံပြကျေးရွာ၊ အမက(၁၇)အဝိုင်းအရှေ့ကျေးရွာ၊ အမကအဝိုင်းကွျန်းတို့မှ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်၊ စာရေးကိရိယာနှင့် မိုးကာများ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဆိပ်ခံတံတားများရှိ စက်ယန္တရားများများ စွမ်းအားပြည့်အသုံးပြုနိုင်အောင် ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၅

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်သည် ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူသင်္ဘောကျင်းသို့ ရောက်ရှိရာ ဒုတိယအထွေထွေမန်နေဂျာ(စက်မှု)က သိမ်ဖြူသင်္ဘောကျင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေယာဉ်များနှင့် ဖော်ယာများ အသစ်တည်ဆောက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆိပ်ကမ်းလုပ်ငန်းများ သွက်လက်မြန်ဆန်ပြီး အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်သွားကြရေး၊ ဆိပ်ခံတံတားများတွင်ရှိသော စက်ယန္တရားများကို စွမ်းအားပြည့်အသုံးပြုနိုင်အောင် ဆောင်ရွက်ရေး၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အနေဖြင့် နိုင်ငံတော်၏ အဓိကကုန်သွယ်မှု ဝင်ပေါက်/ထွက်ပေါက် တစ်ခုဖြစ်သည့်အတွက် နိုင်ငံခြားရေယာဉ်ကြီးများနှင့် ပြည်တွင်းသွားရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းနိုင်ရေး၊ ကုန်တင်၊ ကုန်ချလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာ အချိန်မီပြီးစီးရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သမီးလှရေယာဉ်ဖြင့် မြစ်ကြောင်းတစ်လျှောက် ဆိပ်ခံတံတားများ တိုးချဲ့တည်ဆောက်နိုင်မည့် နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် နိုင်ငံခြားသင်္ဘောကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား ၂၃ စင်းရှိပြီး စက်လှေကြီးများ၊ လှေ၊ သင်္ဘောကြီး/ငယ်များ ဆိုက်ကပ်နိုင်သော တံတားကြီး/ငယ် ၄၁ စင်းရှိကြောင်း၊ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် နိုင်ငံခြားပင်လယ်ကူးသင်္ဘော ၁၅၉၈ စင်း ဆိုက်ကပ်နိုင်ရာမှ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ၁၇၁၉ စင်း တိုးမြှင့်ဆိုက်ကပ်နိုင်ခဲ့ကြောင်း၊ ကုန်ကိုင်တွယ်နိုင်မှု ပမာဏမှာလည်း ၂၀၀၉-၂၀၁၀ ခုနှစ်တွင် မက်ထရစ်တန် ၁၆၁၄၇ မှ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် မက်ထရစ်တန် ၁၇၀၀၀ ကျော်အထိ တိုးမြှင့်ကိုင်တွယ်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ တန်ချိန် ၁၅၀၀၀ ရှိ ရေယာဉ်ကြီးများ ဆိုက်ကပ်နိုင်ရာမှ တန်ချိန် ၃၅၀၀၀ ရှိ ရေယာဉ်ကြီးများ ဆိုက်ကပ်နိုင်ရန် လုံလောက်သော ရေအနက်ရရှိရေးအတွက် ရေလမ်းကြောင်းကောင်းမွန်အောင် အမြန်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒေါပုံသင်္ဘောကျင်းသို့ရောက်ရှိပြီး သင်္ဘောကျင်း စက်ရုံခန်းမ၌ သင်္ဘောကျင်းစက်ရုံမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် မိမိဆောင်ရွက်ရမည့် တာဝန်များကို စည်းကမ်းနှင့်အညီ စေတနာထားပြီး အားသွန်ခွန်စိုက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအဆင့်ဆင့်သည် နိုင်ငံတော်အစိုးရ၏ ဦးတည်ချက်၊ ရည်မှန်းချက်များကို နားလည်သဘောပေါက်ပြီး ရိုးဖြောင့်မှန်ကန်စွာ လိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် စံနမူနာပြ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံခြားသွားသင်္ဘောသားများအား နိုင်ငံတကာအဆင့် အရည်အသွေး သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ပေးရသည့် ဌာနဖြစ်သည့်အားလျော်စွာ IMO က သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေးအတွက် စစ်ဆေးဆောင်ရွက်ရာတွင် အဂတိကင်းရှင်းစွာဖြင့် စေတနာ မေတ္တာအရင်းခံပြီး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒေါပုံသင်္ဘောကျင်းအတွင်း ရေယာဉ်များ မွမ်းမံပြင်ဆင်နေမှုနှင့် ရေယာဉ်များ အသစ်တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အခြေစိုက် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) မှ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Nobuko Horibe လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား နိုင်ငံခြားဧည့်သည်အဖွဲ့များ သီးခြားစီ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၅

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mr. Julius Georg Luy သည် ယနေ့နံနက် ၁၁ နာရီတွင် လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Mikael Hemniti Winther သည် နံနက် ၁၁ နာရီခွဲတွင် လည်းကောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အခြေစိုက်ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) မှ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Nobuko Horibe သည် မွန်းတည့် ၁၂ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံရာ၌ ဂျာမနီနိုင်ငံအခြေစိုက် အဖွဲ့အစည်းများနှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသမှု လုပ်ငန်းကိစ္စရပ်များနှင့် ကျန်းမာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ ဆေးပညာရှင်များ လေ့ကျင့်သင်တန်းပေးရန်ကိစ္စရပ်များ၊ ထောင်စုနှစ်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်မည့် လုပ်ငန်းကိစ္စရပ်များကို လည်းကောင်း၊ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံရာ၌ 3-D Fund အဖွဲ့အစီအစဉ်ဖြင့် ရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ကျေးလက်ဒေသ အောက်ခြေအထိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ထိရောက်မှုရှိစေရေးအတွက် ဆောင်ရွက်ရန် ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့အတူ UNFPA အဖွဲ့နှင့် တွေ့ဆုံရာ၌ မိခင်နှင့် ကလေးကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲများသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာ ဒေါ်မြတ်မြတ်အုံးခင်၊ ဒေါက်တာဝင်းမြင့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကျန်းမာရေး ညီညွတ်မှုရှိစေရန် ဈေးအတွင်း စစ်ဆေး

အရာတော် ဇူလိုင် ၅

အရာတော် မြို့မဈေးအတွင်း ဇွန် ၇ ရက်က ကျန်းမာရေးနှင့် ညီညွတ်သော သန့်ရှင်းလတ်ဆတ်သည့် စားသောက်ဖွယ်ရာများ ရောင်းချရေးကို အမှုဆောင်အရာရှိ ဦးခင်မောင်ခနှင့် မြို့နယ်ဆရာဝန် အေးအေးမြင့်တို့ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စပါးအထွက်တိုးရေးအတွက် မျိုးကောင်းမျိုးသန့်စပါးများ သုံးစွဲ လူနေမှုဘဝ မြင့်မားလာရေး လယ်ယာလုပ်ငန်းများကို ကြိုးစားလုပ်ကိုင်

နေပြည်တော် ဇူလိုင် ၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်တို့သည် ဇူလိုင် ၃ ရက် နံနက် ၉ နာရီခွဲတွင် ဓနုဖြူမြို့ အမှတ်(၁၇)ရပ်ကွက်ရှိ အမှတ်(၁၂)လှေဆိပ် အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည့် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဦးစန်းမောင်နှင့် ကဥ္စနကျွန်းသာ (Gold Delta) ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညနေ ၃ နာရီတွင် ဓနုဖြူမြို့နယ် တမြာကျေးရွာရှိ ဓနုတံခွန်(၁) လယ်ယာကုန်ထုတ်အသင်း စိုက်ပျိုးရေးရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ကဥ္စနကျွန်းသာ (Gold Delta) ကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ ဦးတင်မောင်ဝင်းက လယ်ယာကုန်ထုတ်အသင်း ဖွဲ့စည်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာကြသော တောင်သူများအား စပါးအထွက်တိုးရေးအတွက် မျိုးကောင်း၊ မျိုးသန့်စပါးမျိုးများ သုံးစွဲရန်၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီစက်ကိရိယာများ အသုံးပြုဆောင်ရွက်သွားရန်၊ ကုန်ထုတ်လမ်းများ ဆောင်ရွက်သွားရန်၊ စက်ယန္တရားကြီးများဖြင့် ဝင်ရောက်ထွန်ယက်နိုင်ရေးအတွက် လယ်မြေများနှင့် လယ်ကန်သင်းများကို ပြုပြင်သွားရန်၊ တောင်သူများ၏ လူနေမှုဘဝ မြင့်မားလာရေးအတွက် လယ်ယာလုပ်ငန်းများကို ကြိုးကြိုးစားစား လုပ်ကိုင်ကြရန်တို့ကို မှာကြားပြီး ဓနုတံခွန်(၁) လယ်ယာကုန်ထုတ်အသင်း၏ မိုးစပါးစိုက်ပျိုးမည့် အဆင့်မြင့် လယ်ယာ ၁၀၄ ဧကဖော်ထုတ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အလမျိုးကျေးရွာရှိ ဓနုတံခွန်(၂) လယ်ယာကုန်ထုတ်အသင်း၏ မိုးစပါးစိုက်ပျိုးရန် အဆင့်မြင့် လယ်ယာ ၄၂ ဧကအား စက်ယန္တရားများဖြင့် ထွန်ယက်ဖော်ထုတ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးလှမြင့်နှင့် ကဥ္စနကျွန်းသာ (Gold Delta) ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌတို့က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့သည်။ (သတင်းစဉ်)

မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပွဲကျင်းပ

ပဲခူး ဇူလိုင် ၅

ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်မြင့်သည် ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် ပန်းတောင်းမြို့နယ် ဆိတ္တဲကျေးရွာ မူလတန်းလွန်ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်၍ ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် ကျောင်းအုပ်ဆရာမကြီးက ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပေးပြီး ကျောင်းဆောင်သစ်အား လိုက်လံကြည့်ရှုစစ်ဆေးသည်။ (ကြေးမုံ)

နိုင်ငံတကာ အနုပညာရပ်ဝန်း

ဟောင်ကောင်မင်းသမီး ဆီစီလီယာချောင် ဇာတ်ကားသစ်အရောင်းမြှင့်တင်ရေး ပြုလုပ်

ဟောင်ကောင်မင်းသမီး ဆီစီလီယာချောင်သည် The Lion Roars 2 ဟာသဇာတ်ကားသစ်ကို ဇူလိုင် ၃ ရက်က ကျိုးကျန့်ပြည်နယ် ကမ်းရိုးတန်းဒေသ နင်ပိုမြို့တွင် အရောင်းမြှင့်တင်ရေး ပြုလုပ်ခဲ့သည်။

ယင်းဇာတ်ကားအရောင်းမြှင့်တင်ရေးပွဲသို့ မင်းသမီး ဆီစီလီယာချောင် အပါအဝင် မင်းသား ရှောင်ရှန်ယန်း၊ ဗစ်တာဟန်နှင့် ယင်းဇာတ်ကားကို ရိုက်ကူးခဲ့သူ ဒါရိုက်တာ ဂျိုမာတို့လည်း တက်ရောက်ခဲ့ကြသည်။

ယင်းဇာတ်ကား အရောင်းမြှင့်တင်ရေးပွဲတွင် ထသွားထလာ ပေါ့ပေါ့ပါးပါး အဝတ်အစားများကိုသာ ဝတ်ဆင်ထားသည့် ဆီစီလီယာချောင်အား အခြားသရုပ်ဆောင်များနှင့် ရောရောနှောနှော ပြောဆိုဆက်ဆံနေသည်ကို မြင်တွေ့ခဲ့ရသည်ဟု သတင်းတွင် ဖော်ပြထားသည်။ ယခု လောလောဆယ် မင်းသမီး ဆီစီလီယာချောင်၏ အပြင်ပန်း ပုဂ္ဂိုလ်ရေးဘဝတွင် ကောလာဟလများနှင့် ပြည့်နှက်နေသော်လည်း ဤအရောင်းမြှင့်တင်ရေးပွဲတွင် သူမ၏ ဘဝသရုပ်မှန်ကို ဖော်ထုတ်ပြသနိုင်ခဲ့သည်။

မင်းသမီး ဆီစီလီယာချောင်နှင့် သူမ၏ယောကျ်ား အဆိုတော်သရုပ်ဆောင် နီကိုလက်စ်စီတို့၏ အိမ်ထောင်ရေး ပြဿနာများ မေလအတွင်းက ထွက်ပေါ်လာပြီးနောက်ပိုင်း ၎င်းတို့နှစ်ဦး၏ ကောလာဟလသတင်းများမှာ ဟောင်ကောင်၊ တရုတ် သတင်းမီဒီယာများတွင် အမျိုးမျိုးပေါ်ထွက်ခဲ့သည်။

မင်းသမီး ဆီစီလီယာချောင်သည် အရောင်းမြှင့်တင်ရေးပြုလုပ်သည့်နေ့က ကျန်းမာရေး သိပ်မကောင်းသော်လည်း အခမ်းအနားသို့ ကြိုးစားတက်ရောက်ခဲ့ကြောင်း အခြားသရုပ်ဆောင်များက ပြောကြားသည်။ ***အင်တာနက်။***

ဆီစီလီယာချောင်။

အောဝမ်းစိုး

ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး လုပ်ငန်းစဉ်များ အောင်မြင်ရေး အခြေခံကျကျနှင့် လုပ်ဆောင်နိုင်မည့် နည်းလမ်းများ သုံးသပ်ဖော်ထုတ်

နေပြည်တော် ဇူလိုင် ၅

ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ မြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ မြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ အထောက်အကူပြုကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ဤအစည်းအဝေးကို ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်မည့် Action Plan များအား ပေါင်းစပ်ညှိနှိုင်းနိုင်ရန်နှင့် ၎င်း Action Plan များအား လက်တွေ့ အကောင်အထည်ဖော်ရာတွင် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရန် ရည်ရွယ်၍ ခေါ်ယူကျင်းပရခြင်းဖြစ်ကြောင်း။

မိမိတို့ အထောက်အကူပြု ကော်မတီ၏ လုပ်ငန်းများသည် ကြီးမားကျယ်ပြန့်ပြီး ပြန်ကြားရေးဝန်ကြီးဌာနအပြင် ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေး စသည်ဖြင့် အခြားသော ဝန်ကြီးဌာနများနှင့် ပေါင်းစပ်လက်တွဲ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်ကြောင်း။

သို့ပါ၍ လုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် ဆက်စပ်ပါဝင်နေသည့် ဌာနအားလုံးက တက်ညီလက်ညီ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

Action Plan များအား အခြေခံကျကျနှင့် အမှန်တကယ် လိုအပ်ပြီး လက်တွေ့အမှန်တကယ် လုပ်ဆောင်နိုင်မည့် နည်းလမ်းများဖြင့် စဉ်းစားသုံးသပ် ဖော်ထုတ်ထားပြီးဖြစ်ကြောင်း။

ဆက်လက်၍ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီများနှင့် ညှိနှိုင်းချပြဆွေးနွေးပြီး မြို့နယ်အလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းကာ လက်တွေ့ကွင်းဆင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

မိမိတို့ အထောက်အကူပြု ကော်မတီအနေဖြင့် လုပ်ငန်းနယ်ပယ်(၆)ခုတွင် Action Plan များ ချမှတ်ပြီး လုပ်ငန်းစီမံချက်ပါ အား(၁၀)အားဖြင့် အောင်မြင်အောင် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အထောက်အကူပြု ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးဝင်းက ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ လုပ်ငန်းစီမံချက်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အထောက်အကူပြု ကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးကျော်လွင်၊ ဒုတိယဝန်ကြီး ဦးတင့်လွင်၊ ဒုတိယဝန်ကြီး ဦးအေးကြူ၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်တို့က ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ မိမိတို့ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းအခြေအနေများကို အကြံပြုဆွေးနွေး တင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် အထောက်အကူပြု ကော်မတီ အဖွဲ့ဝင်များက အထွေထွေ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ “သူမြတ်တို့ကျင့်စဉ်” တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၅၆)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်”(အပိုင်း-၁၁၄)**
- ၈း၅၀ 7 Diamonds Live Show (Part-3)
- ၉း၄၅ အားကစားမြင်ကွင်းစုံ
- ၁၀း၁၅ HAN Golf Masters Junior Golf Series 2011 (ပထမပွဲစဉ်)
- ၁၀း၃၀ ခာတ်ပုံထဲမှအမှတ်တရများ အကယ်ဒမီများရှင် ဝါဝါဝင်းရွှေ (အပိုင်း-၁)
- ၁၀း၅၅ ခြေလှမ်းသစ်
- ၁၁း၁၀ ဇာတ်သဘင်နှင့်ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်)၊ (စာရေးဆရာ ချစ်ဦးညို)
- ၁၁း၄၅ ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ (သွေးလှူဘဏ်)
- ၁၂း၁၀ ရှမ်းမြောက်မြေက . . . မွှေးကြိုင်သင်းပျံ့ . . . ဝူးလုံရနံ့
- ၁၂း၂၀ မြတ်စွာဘုရား၏ ပရိယတ္တိ သာသနာတော်ဘက်စုံတိုးတက်၊ ခိုင်မာ၊ ထွန်းကားပြန့်ပွားရေး ဆွေးနွေးပွဲ
- ၁၂း၃၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ငါးငပိလိမ္မာဟင်းနှင့် ပဲတီချဉ်ကြော် ပြုလုပ်နည်း)
- ၁း၀၀ “သူမြတ်တို့ကျင့်စဉ်” တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း (မိန်းကလေးဖြစ်တာ ကောင်းတယ်၊ မိန်းကလေးမဖြစ်တာ ကောင်းတယ်)
- ၃း၁၀ European American အစားအစာများနှင့် Cafe Delight
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၅၆)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်”(အပိုင်း-၁၁၄)**
- ၄း၅၅ တက္ကသိုလ်ဝင်တန်း သင်ခန်းစာ Open Courseware Myanmar (သင်္ချာ) (အပိုင်း-၁)
- ၅း၂၅ “လမ်းညွှန်ကာသတင်းပေး သင့်ကျန်းမာရေး” (သီရိချိုင်း နိုင်ငံတကာအဆင့်မြင့်ဆေးရုံ မိတ်ဆက်ခြင်း)
- ၅း၄၀ ပျော်ရွှင်ကြည်နူးအေးငြိမ်းချမ်းသာ စိမ်းလဲ့တင်ဧည့်ရိပ်သာ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၅၇)**
- ၇း၀၅ 7 Diamonds Live Show (Part-4)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ နိဗ္ဗာန်သို့ရည်မျှော်သာသနာ့ အမွေခံသည့်အလှူတော်
- ၈း၄၀ Cartoon Show Time (Animal United)
- ၉း၂၀ Celebrity Style (ဝိုင်းစုခိုင်သိန်း)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်”(အပိုင်း-၁၁၅)**
- ၁၀း၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀း၅၀ Industrial Talk (ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
- ၁၁း၂၀ မင်းမသိသေးပါဘူးကွာ (ဇရာ၊ ငှက်ပျောကြော်၊ ကြူကြူသင်း၊ အေးအေးခိုင်) [ဒါရိုက်တာ-ဆွေဇင်ထိုက်]
- ၁၁း၂၅ တက္ကသိုလ်ဝင်တန်း သင်ခန်းစာ Open Courseware Myanmar (သင်္ချာ) (အပိုင်း-၂)
- ၁၁း၄၅ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ဖြူစင်နွေးထွေးတဲ့မိသားစု အိမ်ကလေး)
- ၁၂း၀၅ သင်ကြားရေးလမ်းညွှန် (NELC Mandalay)
- ၁၂း၂၀ နှလုံးသားဖြင့် မြင်နိုင်စွမ်းသူတို့၏ Physiotherapy Clinic
- ၁၂း၄၀ World of Knowledge (Cave Rescue)
- ၁း၃၀ မြန်မာစာသုံးဖို့ မြန်မာယူနီကုဒ် ပရိုဂရမ်များ
- ၁း၄၅ Box Office Movies (SURROGATES)
- ၂း၀၅ ကလောဈေးနေ့
- ၂း၁၅ အလှဆင်စရာပရိဘောဂကမ္ဘာ (မြန်နန်းပုံပရိဘောဂ)
- ၂း၂၅ သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ ပဲလျော်
- ၂း၃၅ လှမ်းခဲ့ပါဆွေ “မနောမြေ”
- ၂း၄၅ ရွှေလာငွေလာသုံးရောင်ခြယ် မာလကာ
- ၃း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၁၀ မောတို့မြေမှ အံ့ဖွယ်ထူးခြား လိုက်ဂူများ
- ၅း၀၀ အစီအစဉ်ပြီး။

ပညာဂုဏ်ရောင် အလင်းဆောင်



စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ယုံတောင်ကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၈ ရက်က ကျင်းပရာ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဦးမောင်မောင်အေး၊ ရှားတောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသောင်းရွှေနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသန်းဖေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

ပညာရိပ်မြုံစာကြည့်တိုက် တောင်ငူ၌ဖွင့်

တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာ ပညာရိပ်မြုံ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၂၈ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နှင်းယုအောင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအုန်းမြင့်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ခရိုင်ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့်စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

နေပြည်တော်　　ဇူလိုင်　　၅

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါ ပြည်ထောင်စုဝန်ကြီးရုံး အနီးဝန်းကျင်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တက်ရောက်ပြီး ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးသည်။ (ယာပုံ)

ယင်းနောက် ဒုတိယဝန်ကြီးများက ရတနာတန်းဝင်ကျွန်းပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနအကြီးအကဲများနှင့် ဝန်ထမ်းများက သတ်မှတ်နေရာအသီးသီး၌ သစ်ပင်ပျိုးပင်များကို စိုက်ပျိုးပေးကြရာ ပြည်ထောင်စုဝန်ကြီးက လှည့်လည်ကြည့်ရှုအားပေးသည်။

ငါးမျိုးစိုက်ထည့်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအကဲများ၊ ဝန်ထမ်းများသည် လျှိုပိတ်ဆည် အမှတ်(၄၂)အတွင်းသို့ ငါးမျိုးသားပေါက်များ စိုက်ထည့်ပေးကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ စိန်ပန်းလေး၊ တမာ၊ ငုဝါ၊ မဟော်ဂနီ၊ ဆီသပြေ စသည့် စုစုပေါင်း သစ်ပင်ပျိုးပင် အပင် ၄၀၀ ကို စိုက်ပျိုးကြပြီး ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ မြက်စားငါးကြင်းနှင့် တီလားပီးယား ငါးမျိုးသားပေါက် ကောင်ရေ ၄၀၀၀၀ ကို စိုက်ထည့်ပေးခဲ့သည်။ (သတင်းစဉ်)

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် လှည့်လည်ကြည့်ရှု

နေပြည်တော်　　ဇူလိုင်　　၅

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲကို နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ပဉ္စမနေ့အဖြစ် ယနေ့ဆက်လက်ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်ကြည့်ရှုအားပေးသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ညနေ ၄ နာရီတွင် မဏိရတနာကျောက်စိမ်းခန်းမသို့ ရောက်ရှိပြီး ခန်းမအတွင်း ကျောက်စိမ်းအတွဲများအား တင်ဒါစနစ်ဖြင့် ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား ပြပွဲနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ အထူးရောင်းချပွဲကို နံနက် ၈ နာရီခွဲမှ စတင်၍ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် ဈေးပြိုင်စနစ်၊ တင်ဒါစနစ်များဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစားကြည့်ရှုလေ့လာကြပြီး ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များက လိုက်လံ၍ လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ယနေ့အထိ ကျောက်စိမ်းအတွဲပေါင်း ၇၈၀၈ တွဲ ရောင်းချရကြောင်း သိရှိရသည်။

ထို့အတူ အထူးရောင်းချပွဲကာလအတွင်း လာရောက်ကြသည့် ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ အဆင်ပြေချောမွေ့စေရေးအတွက် ပြပွဲဆပ်ကော်မတီများနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်သည်များကို ပံ့ပိုးကူညီပေးလျက်ရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၆-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၃း၂၂ ၁။ နိုင်ငံတော်သီချင်း
၃း၂၅ ၂။ အဖွင့်သီချင်း
၃း၃၀ ၃။ 2011 FIFA WOMEN'S WORLD CUP (GERMANY) -New Zealand Vs Mexico (Delay)
၅း၃၀ ၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၇၉)**
၆း၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၆။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၇။ **Mail Box**
၆း၃၅ ၈။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၃၆)
၇း၀၀ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဘဝရဲ့တမ်းတခြင်း (အပိုင်း-၁)**
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၁၁။ အမျိုးသားရေးတေးကဗျာ
၁၂။ ဒို့တာဝန်အရေး(၃)ပါး
၁၃။ နိုင်ငံတကာသတင်း
၁၄။ မိုးလေဝသသတင်း
၁၅။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ဘကြီးအောင်မညာဘူး (ဟန်ထက်စော၊ ရီရီပွင့်ဖြူ ခင်လှိုင်နှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
၁၆။ အိုင်စီတီသုတ
၁၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၈။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၃၂)**
၁၉။ 2011 FIFA WOMEN' S WORLD CUP (GERMANY) -Equatorial Guinea Vs Brazil (Live)

၇-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့)
၁း၁၅
2011 FIFA WOMEN' S WORLD CUP (GERMANY) -Sweden Vs United States (Live)

ဈေးနှုန်းအဆိုပြုလွှာများထည့်သွင်း

ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ ဈေးနှုန်းအဆိုပြုလွှာများကို တင်ဒါပုံးများအတွင်း ထည့်သွင်းကြစဉ်။ (သတင်းစဉ်)

ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် မျက်စိ(အခမဲ့) ခွဲစိတ်ကုဆေးရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော်　　ဇူလိုင်　　၅

ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇူလိုင် ၄ ရက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် ပုသိမ်-ချောင်းသာ-ငွေဆောင်ကားလမ်း ပုသိမ်ကြိုးတံတားအနီးရှိ ကွန်ပျူတာတက္ကသိုလ်အဝင်လမ်း၌ ကျင်းပသော ရေဝတီတိုင်းဒေသကြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ အထိမ်းအမှတ် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၁၅၀၀ တို့က ကျွန်းပျိုးပင် ၃၃၀၊ ပျဉ်းကတိုးပျိုးပင် ၄၅၀၊ မဟော်ဂနီပျိုးပင် ၄၅၀ နှင့် ပိတောက် ပျိုးပင် ၁၂၀ စုစုပေါင်းပျိုးပင် ၁၃၅၀ ကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နံနက် ၉ နာရီတွင် ပုသိမ်မြို့တိုက်ကြီးကျောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပသော ET Foundation ၏ မျက်စိ(အခမဲ့) ခွဲစိတ်ကုဆေးရုံဖွင့်ပွဲသို့ တက်ရောက်ပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဦးစန်းမောင်၊ အလှူရှင် ဒေါ်ဆွေဆွေဝင်းနှင့် ဦးရဲဝင်းမိသားစုတို့က ဆေးရုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆေးရုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး၍**(ဝဲပုံ)** ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးပြီး ဆေးရုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

မကွေးမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန်　　ဇူလိုင်　　၅

မကွေးမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ၊ အသက်(၇၅)နှစ်အထက် သက်ကြီးများအား ပူဇော်ပွဲနှင့် ၂၀၁၀-၂၀၁၁ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းတို့ကို ကမာရွတ်မြို့နယ် တက္ကသိုလ်များဓမ္မာရုံ၌ ဇူလိုင် ၁၆ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ရာ ဂုဏ်ထူးရ သားသမီးများစာရင်းကို ဇူလိုင် ၁၀ ရက် နောက်ဆုံးထားပေးပို့ပါရန်နှင့် အဆိုပါ အခမ်းအနားသို့ မကွေးမြို့နယ်သူ၊ မြို့နယ်သားအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ အသင်းမဝင်ရသေးသူများဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဥက္ကဋ္ဌ ဦးအေးကို ဖုန်း-၆၈၁၁၁၃၊ ၆၈၃၄၉၈၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကြည်မောင် ဖုန်း-၅၇၀၅၁၈ နှင့် ၅၇၈၃၁၅၊ ဦးစစ်သိန်း ဖုန်း-၆၄၀၄၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

မဟာအောင်မြေမြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

မန္တလေး　　ဇူလိုင်　　၅

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရတနာအနောက်ရပ်ကွက် အကွက်(၅၄၅) ဦးကျားကြီးဝင်း ၈၄ လမ်း (၃၅ × ၃၆) ကြားရှိ ရောင်းဝယ်ရေးဆိုင်တစ်ဆိုင်မှ နံနက် ၉ နာရီ ၁၅ မိနစ်တွင် စတင်မီးလောင်ကျွမ်းခဲ့ရာ ဂိုဒေါင်နှစ်လုံး၊ ရွှေတံတားစက်ဘီးဆိုင်၊ ဆာကူရာ (Sakura) ဓာတ်ပုံဆိုင်များသို့ လောင်ကျွမ်းခဲ့ပြီး ၁၀ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။ မီးစတင်လောင်ကျွမ်းမှု အခြေအနေကို ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။ (တိုင်းဒေသကြီး ပြန်/ဆက်)

ဆိုင်ကယ်ရိုက်အလုခံရ

မိတ္ထီလာ　　ဇူလိုင်　　၅

မိတ္ထီလာမြို့နယ် ပြည်သာယာမြောက်ဘက် မကျီးစုကျေးရွာအုပ်စုနေ မဝိုင်း(၃၅)နှစ်သည် ဇွန် ၂၅ ရက် ညက ပြည်သာယာ(၂)လမ်းထိပ် ကွမ်းယာရောင်းအပြီး ဒရင်းဆိုင်ကယ်စီး၍ ပြန်လာရာ အိမ်အနီးအရောက်တွင် အသင့်စောင့်နေသော လူတစ်ဦးက ဦးခေါင်းအား တုတ်ဖြင့်ရိုက်၍ ဆိုင်ကယ်လုယူသွားခဲ့သည်။ မဝိုင်းမှာ ဦးခေါင်းတွင် ဒဏ်ရာပြင်းထန်စွာရရှိသွားသဖြင့် မန္တလေးဆေးရုံကြီးသို့ တင်ပို့လိုက်ရသည်။ (၁၁၁)

ပျိုးပင်များ စိုက်ပျိုးထားမှု ကွင်းဆင်းဆောင်ရွက်

အင်းတော်　　ဇူလိုင်　　၅

အင်းတော်မြို့နယ် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များစိုက်ပျိုးထားရှိမှုကို စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးငွေးဝင်းနှင့် အမှုဆောင်အရာရှိ ဦးဝဏ္ဏအောင်တို့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ဈေးအတွင်း ကျန်းမာရေးညီညွတ်မှုစစ်ဆေး

ရွှေကျင်　　ဇူလိုင်　　၅

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရွှေကျင်မြို့မဈေးအတွင်း သားငါးတန်းများနှင့် အများသုံးအိမ်သာများအား အနံ့ဆိုးများ ကင်းစင်ရေးအတွက် အနံ့ပျောက် ဆေးဖျန်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဝင်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးမြင့်ဇော်ဝင်းတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ (မြို့နယ်စည်ပင်)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

(၅၇)ကြိမ်မြောက် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား

အမျိုးသားတံခွန်စိုက်(အမျိုးသား/အမျိုးသမီး) စက်ဘီးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၅

၂၀၁၁ ခုနှစ် (၅၇)ကြိမ်မြောက် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် (အမျိုးသား/အမျိုးသမီး)စက်ဘီးပြိုင်ပွဲ အမျိုးသားကီလိုမီတာ ၁၈၀ တာဝေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အမျိုးသမီးကီလိုမီတာ ၁၂၀ တာဝေးပြိုင်ပွဲ ဗိုလ်လုပွဲများကို ယနေ့ နံနက် ၆ နာရီခွဲတွင် Myanmar International Convention Centre ရှေ့၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်၍ တာလွှတ်ပေးသည်။

ယနေ့ ကျင်းပသော အမျိုးသမီး ကီလိုမီတာ ၁၂၀ တာဝေးပြိုင်ပွဲတွင် စုစုဝေ(လယ်/ဆည်)က စံချိန် (၃ နာရီ ၅၉ မိနစ် ၅၉ ဒသမ ၂၇စက္ကန့်) ဖြင့် ပထမ၊ လွင်လွင်အေး(OriginalGroup)က ဒုတိယ၊ နော်ဖော့ခူခူဆဲ(စက်မှု ၁)က တတိယ ရရှိကြသည်။

အမျိုးသားကီလိုမီတာ ၁၈၀ တာဝေး ပြိုင်ပွဲတွင် မျိုးလွင် (ဘဏ္ဍာ/အခွန်-က)က စံချိန်(၅ နာရီ ၂၀ မိနစ် ၄၃ ဒသမ ၆၉စက္ကန့်)ဖြင့် ပထမ၊ အောင်ဖြိုးဝေ (Maxxis)က ဒုတိယ၊ ချစ်ကိုကို (လယ်/ဆည်)က တတိယ ရရှိကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ညနေ ၃ နာရီတွင် Myanmar International Convention Centre ရှိ Banquet Hall ၌ ကျင်းပရာ အမျိုးသမီး မီတာ ၅၀၀ တစ်ဦးချင်း စံချိန်ပြု ပြိုင်ပွဲ၊ အမျိုးသမီး ၂၅ ကီလိုမီတာ တစ်ဦးချင်းစံချိန်ပြု ပြိုင်ပွဲ၊ အမျိုးသား မီတာ ၄၀၀၀ တစ်ဦးချင်း စံချိန်ပြု ပြိုင်ပွဲနှင့် အမျိုးသား ကီလိုမီတာ ၅၀ တစ်ဦးချင်းစံချိန်ပြု ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီး ကီလိုမီတာ ၁၂၀ တာဝေးပြိုင်ပွဲတွင် ဆုရရှိကြသူများအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက အမျိုးသား ကီလိုမီတာ ၁၈၀ တာဝေး ပြိုင်ပွဲတွင် ဆုရရှိကြသူများအား လည်းကောင်း၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသာဌေးက အကောင်းဆုံး အားကစားသမားဆုရ စုစုဝေ(လယ်/ဆည်)နှင့် ဖြိုးဝေဇင်(လယ်/ဆည်)တို့အား လည်းကောင်း ငွေသားဆုနှင့် အမှတ်တရ ဂျာစီအင်္ကျီတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ဌေးဌေးငြိမ်းက အမျိုးသမီး တံခွန်စိုက် တတိယဆုရ စက်မှု(၁)အသင်း၊ ဒုတိယဆုရ(လယ်/ဆည်) အသင်းနှင့် ပထမဆုရ Original Group အသင်းတို့အား ဆုကြေးငွေနှင့် တံခွန်စိုက်ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမျိုးသားတံခွန်စိုက် တတိယဆုရ Maxxis အသင်း၊ ဒုတိယဆုရ (ဘဏ္ဍာ/အခွန်)အသင်းနှင့် ပထမဆုရ (လယ်/ဆည်)အသင်းတို့အား ဆုကြေးငွေနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၌ အရည်အသွေးပြည့်မီသော သင်တန်းသားအသစ်များ ထပ်မံရွေးချယ်သွားမည်

ရန်ကုန် ဇူလိုင် ၅

အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၌ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းကို ဇွန်လမှစတင်၍ ဖွင့်လှစ်ခဲ့ပြီး အားကစားနည်း ၁၄ နည်းတွင် သင်တန်းသား ၅၀၈ ဦးအား လေ့ကျင့်သင်ကြားပေးလျက်ရှိသည့်အပြင် ဇူလိုင်လအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ အရည်အသွေးပြည့်မီသော သင်တန်းသားသစ်များ ထပ်မံရွေးချယ်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

စခန်းသွင်းလေ့ကျင့်နေသော အားကစားအဖွဲ့များအား လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၅

၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် စခန်းသွင်း လေ့ကျင့်လျက်ရှိသော ပိုက်ကျော်ခြင်း၊ လက်ဝှေ့၊ ဂျူဒို၊ စားပွဲတင်တင်းနစ်၊ ရေကူး၊ သေနတ်ပစ်၊ ဝူရှူး၊ ကရာတေးဒို အားကစားစခန်းများသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးက လေ့ကျင့်ရေးပိုင်းဆိုင်ရာ စည်းကမ်းများနှင့် လူထုအားကစားနှင့် ပညာပေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဌေးအောင်က အားကစားစခန်းများ၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာ နေထိုင်မှု၊ ကျွေးမွေးမှု စည်းကမ်းများကို ဇူလိုင် ၁ ရက်မှ ယနေ့အထိ လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြသည်။

(သတင်းစဉ်)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇူလိုင် ၅

ဒုတိယဗိုလ်မှူးကြီး ကံမြင့်(ငြိမ်း) (G.M Fortune Co.,Ltd)သည် ကစားဖော်များဖြစ်ကြသော ဦးစောဝင်း (ဒုတိယ ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၊ ဦးအောင်မိုး (G.M CPH Co.,Ltd)၊ ဦးအောင်မင်း(G.M Fortune Co.,Ltd) တို့နှင့်အတူ ဇူလိုင် ၃ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Presept EV No(3) ဘောလုံးကို Wilson Iron (5) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၄ ကိုက်ရှိ ကျင်းအမှတ်(၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

(သတင်းစဉ်)

အားပေးစကားပြောကြား

အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦး (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် စခန်းသွင်းလေ့ကျင့်နေသော မြန်မာအားကစားအဖွဲ့များအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ကလစ်ချီ မန်စီးတီးသို့ အပြီးသတ်ပြောင်းရွှေ့နိုင်ခဲ့ပြီ

လန်ဒန် ဇူလိုင် ၅

အာဆင်နယ်အသင်းမှ ပြင်သစ်နောက်ခံကစားသမားကလစ်ချီသည် ယမန်နေ့က မန်စီးတီးတွင် ဆေးစစ်မှုများခံယူပြီးနောက် ဆေးစစ်မှုအောင်မြင်ကာ အပြီးသတ်ပြောင်းရွှေ့နိုင်ခဲ့ပြီဖြစ်သည်။

အာဆင်နယ်အသင်း၏ ခြောက်နှစ်ဆက်တိုက် ဆုဖလားလက်မဲ့ဖြစ်မှုကို စိတ်ပျက်ခဲ့ရသည့် ကလစ်ချီသည် မန်စီးတီးအသင်းသို့ ပေါင်ခုနစ်သန်းဖြင့် ပြောင်းရွှေ့ကာ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သည်။ အသက် (၂၅)နှစ်ရှိ ကလစ်ချီသည် မန်စီးတီးအသင်းတွင် တစ်ပတ်လုပ်ခပေါင် ကိုးသောင်းရရှိမည်ဖြစ်သည်။

ကလစ်ချီက မိမိအနေဖြင့် မန်စီးတီးသို့ ပြောင်းရွှေ့ရခြင်းမှာ ဆုဖလားများရယူလို၍ ဖြစ်ကြောင်း၊ ထို့ပြင် မန်စီးတီးအသင်းသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတောင့်တင်းလာသည့်အသင်းဖြစ်ကြောင်း၊ အသစ်ခေါ်ယူဖြည့်တင်းထားသည့် ကစားသမားများသည်လည်း အံ့သြစရာကောင်းကြောင်း၊ လာမည့်နှစ်များတွင် မန်စီးတီးအသင်းသည် ပိုမိုကောင်းမွန်လာမည်သာဖြစ်ကြောင်း ပြောကြားသည်။ ***The Sun။***

မန်စီးတီးသို့ ပြောင်းရွှေ့သွားပြီဖြစ်သည့် ကလစ်ချီ။

အဲလစ်ဆောင်း တရားရင်ဆိုင်နေရ

လန်ဒန် ဇူလိုင် ၅

အာဆင်နယ်အသင်းမှ ကင်မရွန်းကွင်းလယ်ကစားသမား အဲလစ်ဆောင်းသည် ကျောင်းသားငယ်တစ်ဦးကို ရိုက်နှက်ခဲ့သည်ဟု စွပ်စွဲခံရကာ တရားရုံး၌ တရားရင်ဆိုင်နေရပြီဖြစ်သည်။

ဆောင်းသည် နွေရာသီအားလပ်ရက်တွင် အာဖရိကန်ဘားတစ်ခု၌ ကျောင်းသားငယ်တစ်ဦးကို အမှန်တကယ်ရိုက်နှက်ခဲ့ကြောင်း ပြစ်မှုထင်ရှားပါက ထောင်ဒဏ်နှစ်နှစ်အထိ ကျခံရဖွယ်ရှိနေသည်။ အသက် (၂၃)နှစ်ရှိ ဆောင်း၏ အဆိုပါပြဿနာကို လာမည့် ဩဂုတ် ၁၈ ရက်(ကြာသပတေးနေ့)တွင် တရားရုံးက စတင်ကြားနာစစ်ဆေးသွားမည်ဟု သိရသည်။

အာဆင်နယ်ကွင်းလယ်ကစားသမား အဲလစ်ဆောင်း။

ယင်းအဖြစ်အပျက်မှာ ပြီးခဲ့သည့် ဇွန်လ ၇ ရက်နေ့က ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။ ဆောင်း၏ ရိုက်နှက်ခြင်းကို ခံရသည်ဟုဆိုသည့် အဆိုပါကျောင်းသားငယ် လူဒိုဗစ်အက်ချီလီမူဟာရာက ပြောကြားရာတွင် မိမိအနေဖြင့် သူငယ်ချင်းကောင်မလေးနှင့် အတူရှိနေစဉ် သူမမှာ ရေအိမ်ဝင်သွားကြောင်း၊ ၁၅ မိနစ်လောက်ကြာပြီးသည်အထိ သူမ ရောက်မလာ၍ မိမိက လိုက်သွားကြောင်း၊ သို့သော် သက်တော်စောင့်နှစ်ဦးက မိမိကို တားဆီးပြီး ရေအိမ်တွင် ဆောင်းရှိနေကြောင်း၊ ခဏအကြာတွင် ဆောင်းသည် ဒေါသတကြီးဖြင့် ပြန်ထွက်လာကြောင်း၊ ယင်းအချိန်တွင် မိမိကို လက်ဆေးကန်ထဲ ဦးခေါင်းကို ဆွဲနှစ်လိုက်ကြောင်း၊ ထို့နောက် မိမိမှာ ဆေးရုံတက်ရောက်ခဲ့ရကြောင်း ထုတ်ဖော်ပြောကြားသည်။ သို့သော် ဆောင်းကမူ ယင်းအဖြစ်အပျက်မှာ လုံးဝမဟုတ်ခဲ့ကြောင်း ပြန်လည်ပြောကြားလိုက်သည်။

The Sun။

ဟန်သစ်

မော်ကျွန်းလက်ဝှေ့ ကလပ်သို့ အလှူငွေကျပ် ၂၄ သိန်း ပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၅ ရက်က မော်လမြိုင်ကျွန်းမြို့ မော်ရွှေဝါ ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်က ငွေကျပ် ၁၀ သိန်း၊ နယူးဒေး စက်သုံးဆီအရောင်းဆိုင်(ပုသိမ်)က ငွေကျပ် ၁၀ သိန်း၊ မော်လမြိုင်ကျွန်းမြို့နေ ဦးညွှန့်လွင်၊ ဦးထွန်းထွန်းဦး၊ ဦးခင်မောင်ဝင်းနှင့် ဦးတင်မင်းအောင်တို့က ငွေကျပ် လေးသိန်း စုစုပေါင်း ငွေကျပ် ၂၄ သိန်းအား အလှူရှင်များကိုယ်စား ဦးဝင်းမြိုင် [နယူးဒေး စက်သုံးဆီအရောင်းဆိုင်(ပုသိမ်)]က လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင် လက်ခံစဉ်။ (၃၆၄)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး မစ္စတာ ရွှန်ဟော့ဖ်မန်းအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကနေဒါနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ရွှန်ဟော့ဖ်မန်းသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)